ယဟူဒီနှင့် နဆွ်ရာနီတို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ (လအ်နသ်)ကရုဏာကင်းဝေးမှု ကျရောက်ပါစေ။ ၎င်းတို့သည်မိမိတို့တမန်တော်များ၏ ကဗရ်သင်္ချိုင်းများကို

စဂျ်ဒဟ်ဦးချရာနေရာများအဖြစ် သတ်မှတ်ခဲ့ကြသည်။

အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ)နှင့် အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟု)တို့က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံတွင် ဝဖာသ်ကွယ်လွန်ချိန်
ကျရောက်လာသည့်အခါ ကိုယ်တော်သည်မိမိ၏ခြုံစောင်ကို မိမိ၏ မျက်နှာတော်ပေါ်
စတင်ဖုံးအုပ်တော်မူလေသည်။ ထို့နောက်ကိုယ်တော်မြတ်သည် ၎င်းခြုံစောင်ကြောင့်မွန်းကျပ်လာသည့်အခါ မိမိ၏ မျက်နှာတော်မှ ၎င်းခြုံစောင်ကို ဖယ်ရှားလိုက်၏။
ထိုအခြေနေမျိုး၌ မိန့်ကြားတော်မူသည်။ ယဟူဒီနှင့် နဆွ်ရာနီတို့အပေါ်တွင်
အလ္လာဟ်အရှင်မြတ်၏ (လအ်နသ်)ကရုဏာကင်းဝေးမှု ကျရောက်ပါစေ။ ၎င်းတို့သည်
မိမိတို့တမန်တော်များ၏ ကဗရ်သင်္ချိုင်းများကို စဂျ်ဒဟ်ဦးချရာနေရာများအဖြစ်
သတ်မှတ်ခဲ့ကြသည်။ ကိုယ်တော်မြတ်သည် မိမိ၏နောက်လိုက်သားတို့အား၎င်း(ယဟူဒ်၊နဆွာရာ)တို့ လုပ်ကြသကဲ့သို့ မလုပ်ကြစေရန်
သတိပေးခြိမ်းခြောက်တော်မူသည်။ [صحيح] [متفق عليه]

အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ)နှင့် အစ်ဗ်နု အဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟု)တို့ကဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံသို့ သေခြင်းတရားဆိုက်ရောက်လာသည့်အခါ ကိုယ်တော်သည် ခြုံစောင်ကို မိမိ၏ မျက်နှာတော်ပေါ်စတင်ဖုံးအုပ်တော်မူလေသည်။ ထို့နောက်ကိုယ်တော်မြတ်သည် ကွယ်လွန်ခါနီး ဝေဒနာကြောင့်အသက်ရှုရခက်လာသည့်အခါ မိမိ၏ မျက်နှာတော်မှ ၎င်းခြုံစောင်ကို ဖယ်ရှားလိုက်သည်။ထိုသို့ ပြင်းထန်သည့်အခြေနေမျိုး၌ မိန့်ကြားတော်မူသည်မှာ ယဟူဒီနှင့်နဆွ်ရာနီတို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ (လအ်နသ်)ကျရောက်ပါစေ။ အရှင်မြတ်၏ကရုဏာတော်မှကင်းဝေးပါစေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် နဗီတမန်တော်များ၏ကဗရ်သင်္ချိုင်းများပေါ်တွင် ဗလီဝတ်ကျောင်းတော်များ၊ ဝတ်ပြုကိုးကွယ်ရာအဆောက်အဦးများ ဆောက်လုပ်ခဲ့ကြသည်။ ဤကိစ္စသည် အလွန်ဆိုးရွားသည့် ကိစ္စမဟုတ်လျှင်ကိုယ်တော်သည် ထိုအခြေအနေမျိုး၌ ဤအကြောင်း ပြောဆိုမည်မဟုတ်ပေ။ သို့ဖြစ်၍တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိအွမ္မသ်နောက်လိုက်တို့အားထိုကဲ့သို့ မပြုလုပ်ကြရန် တားမြစ်တော်မူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဤလုပ်ရပ်သည်ယဟူဒီ၊ နဆ်ွရာနီတို့၏ လုပ်ရပ်ဖြစ်ပြီး ထိုလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်နှင့် ရှိရ်က်ဖက်စပ်ယှဉ်တွဲကိုးကွယ်မှုသို့ ကျရောက်စေသည့် အကြောင်းခံပင်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3330


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee